# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စတီဗီဒို (၂) ရေယာဉ်လွှန်းတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်။ အထက်ပါလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် ခန့်မှန်းခြေစာရင်းများကို တင်ဒါပုံစံတွင် ပူးတွဲထားပါ သည်။ အထက်ပါလုပ်ငန်းအတွက် လုပ်ခ နှုန်းထားများ၊ လုပ်ငန်းရှင်မှ စိုက်ထုတ်ဆောင်ရွက်ရမည့် ပစ္စည်းများ၏ နှုန်းထားများကို တွက်ချက်၍ တင်ဒါတင် သွင်းလွှာပုံစံတွင်ဖြည့်စွက်ပြီး ပစ္စည်းနှင့်လုပ်အားခဆိုဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကိုစိတ်ဝင်စားပါကသတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်းနှင့် လုပ်ခ ဆိုဈေးနှုန်းများ ကိုတွက်ချက်ဖော်ပြ၍ စာအိတ်ဖြင့်ချိတ်ပိတ် တင်သွင်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရာတွင် စတီဗီဒို (၂) ရေယာဉ်လွှန်းတင်ပြင်ဆင်ခြင်းလုပ်ငန်းများ အတွက် စပေါ်ငွေကျပ် ၂၀၀၀၀၀/- (ကျပ် နှစ်သိန်း တိတိ)ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွင်းရမည်။ စပေါ်ငွေ ပေးသွင်းထားသည့် ငွေရပြေစာမိတ္တူသို့မဟုတ် ချလံမိတ္တူအား တင်ဒါနှင့်အတူပူးတွဲ တင်ပြရမည်။

၄။ ကန်ထရိုက်လုပ်ငန်းအတွက် တင်ဒါတင်သွင်းရာတွင် ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးတင်သွင်းရမည့် ပုံစံများ နှင့် တင်ဒါစည်းကမ်းချက်ပါ စာရွက်စာတမ်းများကို ယနေ့မှစ၍ (၆ - ၇ - ၂၀၂၃) နေ့ ( ၁၂ : ၀၀ ) နာရီအတွင်း (ရုံးဖွင့်ရက်) ရုံးချိန်အတွင်း (သိမ်ဖြူသင်္ဘောကျင်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (က) တင်ဒါတင်သွင်းရမည့်ရုံးလိပ်စာနှင့် | - နိုင်-လူ-တိုး သင်တန်းခန်းမ၊ ပထမထပ်<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) |
| လိပ်မူရမည့်ပုဂ္ဂိုလ် | - ဥက္ကဋ္ဌ၊တင်ဒါလက်ခံရေးနှင့်စီစစ်ရေး<br>ကော်မတီ |
| (ခ) စပေါ်ငွေပေးသွင်းရမည့်နောက်ဆုံး နေ့ရက်/ အချိန်<br>နေရာ | - ( ၆ - ၇ - ၂၀၂၃) ရက် ( ၁၂ : ၀၀ ) နာရီ<br>-စာရင်းဌာန(မြေညီထပ်)၊<br>မြန်မာ့ဆိပ်ကမ်း အာဏာပိုင်<br>အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ |
| (ဂ) တင်ဒါတင်သွင်းရမည့် နောက်ဆုံး နေ့ရက်/ အချိန် | - ( ၆ - ၇ - ၂၀၂၃ ) ရက် ( ၁၂ : ၀၀ ) နာရီ |
| (ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် | - ( ၆ - ၇ - ၂၀၂၃ ) ရက် ( ၁၄ : ၀၀ ) နာရီ |
| နေရာ | - အစည်းအဝေးခန်းမ (၂)<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)<br>အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ |

၆။ တင်ဒါစိစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေ၊ မည်သည့် တင်ဒါတင်သွင်းလွှာကိုဖြစ်စေလက်ခံခြင်းမပြုသင့်ဟုယူဆလျှင် ပယ်ဖျက်ခွင့်ရှိသည်။

၇။ အထက်ဖော်ပြပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာ ရုံး တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**